
မောင်စိန်ဝင်း
ပုတီးကုန်း
ကျွန်မချစ်မိ
အပြစ်ရှိသည်

• သံယောဇဉ်ဖြင့်

နှောင်ငင်တွယ်ရစ်

ကျွန်မချစ်မိ အပြစ်ရှိသည်……။

• တွယ်ငြိခြင်းဖြင့်

ရင်တွင်းစူးနစ်

ကျွန်မချစ်မိ အပြစ်ရှိသည်…..။

• အတွယ်အတာ၊ ဘယ်အရာဖြင့်

ဖယ်ခွာလို့ရ၊ ကျွန်မ မသိ

ဝဋ်ရှိလေသမျှ

ချစ်မိနေရပါသလား

နှလုံးသားမှာ

အနာတရ၊ ထာဝရဖြစ်တည်

(အခုတော့…..)

ကျွန်မချစ်မိ အပြစ်ရှိသည်…….။

မိုက်မှားစွာဖြင့် မျှော်လင့်နေမိခြင်းအတွက် နောင်တရောလျက်ရှက်စိတ်မွန်ချင်ပြီ။ ရင်၌ တနုံ့နုံ့ခံစားကျွမ်းမြည့်စေသော ဝေဒနာမီးခဲသည် အလျှံဖြင့် ရဲရဲညီးညီးရှိချေတော့မည်။ အိပ်မက်ဟု သိလျက် အိပ်မက်မှ အရာရာကို တမ်းမောစွဲလမ်းစွာ ခံစားခဲ့သော မိမိကိုယ်မိမိဘာသာ မကျေနပ်နိုင်တော့။ ခံစားမှုလျော့ပါးပျက်ပြယ်နိုးဖြင့် ခုတင်ပေါ်မှ ရုတ်တရက်ထသည်။ အခန်းတံခါးဖွင့်လျက် အပြင်ထွက်တော့အေးစက်သည့် ဆောင်းလေတစ်ချက် ဝှေ့ခနဲ့ မျက်နှာကို ထိရှစေပြန်သည်။

ဂရန်တာအရောက်မှာ ခြေလှမ်းတုံ့သည်။

ဝါးခနဲရယ်သံသည် သောင်စပ်ကိုအရှိန်ဖြင့် လာရိုက်သည့်

လှိုင်းလုံးနှယ်ဟု ထင်မှတ်လိုက်ပြန်၏။ သည်နောက်တော့ သောင်ပြင်မှ ပြန်ခွာသည့် လှိုင်းသံတို့လို ရယ်သံသည်မှုန်ဝါး၍ တိုးသွားပြန်သလို။

အို......ကြည့်စမ်း......သူတို့ ငါ့အကြောင်းပြောပြီး ရယ်ပွဲဖွဲ့နေကြပါသလား။ သူနှင့်တစ်ခန်းခြားမှာရှိသည့် နိုင်ငံခြားရေးရုံးမှာ အလုပ်လုပ်သော အပျိုကြီးအခန်းက လက်ဖက်ဝိုင်းမှာ လူစုံနေပြီဟု သိလိုက်ပြန်သည်။

"ဟော့......ယူ ဇွဲလေ ရုံးကိုရောက်လာတယ်ကွ၊ နိုင်ငံခြားထွက်တော့မယ်ထင်တယ်၊ ယူ.....လိုက် မသွားဘူးလား"

ညနေအဆောင်ဂ ရေတမာရင်းမှာ ရပ်နေခိုက် ရုံးမှပြန်လာရင်းပြောသည့်စကားသံကိုပြန်ကြားယောင်သည်။ ရင်ထဲမှာ ဆက်ခနဲကျင်လျက် တလှပ်လှပ်ခါ၍ ဆောက်တည်ရာမရတော့သလို ခံစားလိုက်ရပြန်သည်။

"ဘယ်တုန်းကတွေ့တာလဲဟင်"

ဟု အသံကိုထိန်းကာ မေးလိုက်သော်လည်း အသံကတုန်ယင်ထစ်ငေါ့နေမှာပါပဲဟု ထင်ပြန်၏။

"ဒီနေ့ တွေ့တာ"

ဆိုတော့ ဩော်........ဟု နှုတ်မှ အံ့သြစွာ ရေရွတ်မိရင်း ပျက်ချင်နေသောမျက်နှာကိုငုံ့မိပြန်၏။ သူ့ကို ကျော်လျက် အဆောင်ဆီလျှောက်သွားသော နိုင်ငံခြားရေးရုံးမှာ အစ်မကို သူလှည့်မကြည့်ဖြစ်ဘဲ ရေတမာကိုင်းများကို အဓိပ္ပာယ်မဲ့ မော့ကြည့်လိုက်မိပြန်သည်။

ပူနွေးစွာ လိမ့်ဆင်းနေသော ပါးပြင်ပေါ်မှမျက်ရည်စကို လက်ဖဝါးဖြင့်သုတ်လျက် ညာရက်လိုက်တာဟု စိတ်ထဲက ရေရွတ်မိပြန်၏။

နောက်တစ်ဖန် ဝါးခနဲအသံကြားတော့ ခြေစုံရပ်နေရာမှ သတိပြန်ဝင်လာကာ နောက်ကြောင်းလှည့်ပြီး အခန်းထဲဝင်သည်။

ဘာဖြစ်ဖြစ်သည် ညစကားဝိုင်းမှာတော့ သူ့အကြောင်းက အနည်းနဲ့ အများ ပါမှာပါပဲဟုတွေးမိပြန်သည်။

"အစကတည်းက ဒီလိုကျန်ခဲ့မယ်ဆိုတာ သိဖို့ ကောင်းတာပေါ့"

ဟု ပြောမည့်သူကလည်း ရှားမည်မဟုတ်ဟု နားလည်ပြန်သည်။

ခုတင်ပေါ်ပြန်ထိုင်လျက် သက်ပြင်းကိုလေးတွဲစွာချမိပြန်၏ ။

"ဘာလို့ ညာရတာ လဲ ဖွဲ့ရယ်........"

ဟု မကျေမချမ်းနိုင်စွာ အတွေးဖြင့်ရေရွတ်နေမိရင်း ရင်ထဲမှာ တင်းကျပ်လာသည်။

*

လာမည်ဟုပြောလျက် ရောက်မလာသောရက်များသည် ရင်ကိုစူးရှလွန်းစွာ ခံစားလာရမှန်းဘာသာအသိ။ နေမထိ ထိုင်မသာဖြင့် ယောက်ယက်ခတ် လှုပ်ရှားစိတ်ကို ဖိနှိပ်ထိန်းချုပ်ရန်လည်း မလွယ်ဟု နားလည်မိပြန်သည်ပဲ။ တစ်စုံတစ်ရာ အခက်အခဲရှိနေလားဟု စိုးရိမ်တွေး တွေးမိပြန်သော်လည်း ထိုအတွေးက ကြာရှည်မခံ။ မိမိအပေါ်လိမ်ညာလှည့်ဖြား သွားပြီးလားဆိုသည့် အတွေးကသာ ရင်ကိုပူလောင်ကျွမ်းမြေ့စေစမြဲ။

စင်စစ် သည့်ကိစ္စကို မဆွေးနွေးမိပါက ကောင်းဦးမည်ဟုလည်း အတွေးရောက်ပြန်သေးသည်။ ဆုံးရှုံးလက်လွှတ်ရမည်ကို အစကတည်းက သိထားသည်မို့ ပို၍ ထူးခြားခံစားလာရဖွယ်မရှိ။
ဟုထင်မိသေးသည်။

အခုတော့ အကြိမ်ကြိမ်အထပ်ထပ် သစ္စာစကားဆိုလျက် မိမိကို

မျှော်လင့်ချက်တို့ မွေးဖွားစေခဲ့သည်လေ။

“ခင်နှင်း ဖွဲ့ကို မယုံလို့လား၊ သစ္စာဆိုပြဆိုရင်လဲ ဆိုပြရဲပါတယ် ခင်နှင်းရယ်၊ ခင်နှင်းကလွဲရင် ဖွဲ့ ဘယ်သူ့ကိုမှ လက်ထပ်မှာ မဟုတ်ပါဘူး ခင်နှင်း ယုံပါ၊ ဟိုအရင်က ခင်နှင်းနဲ့ မတွေ့ခင်က ဖွဲ့ကို ခင်နှင်း အထင်သေးချင်သေးနိုင်ပါတယ်၊ အခုတော့ ဖွဲ့ပြောတာကို ခင်နှင်း အလေးအနက်ထားစေချင်ပါတယ် ခင်နှင်းရယ်”

စကားသံတို့ကို တစ်ရံမလပ်အောင် အထပ်ထပ်ပြန်၍ ကြားယောင်မိသည်။

“ခင်နှင်း ဖွဲ့ကို စောင့်ကြည့်နေပါ၊ နိုင်ငံခြားလဲမသွားဘူး၊ ခင်နှင်းနဲ့ ဝေးတဲ့နေရာမှာ ဖွဲ့ဘယ်တော့မှ နေနိုင်မှာမဟုတ်ပါဘူး၊ ခင်နှင်း ဘေးမှာပဲ ဖွဲ့ရှိနေမှာပါ”

ခေါင်းကို ရုတ်တရက်ယမ်းမိရင်း သက်ပြင်းကိုချလိုက်မိပြန်သည်။

“အခုတော့ ခင်နှင်းကို ထားခဲ့ပြီး ဖွဲ့........နိုင်ငံခြားသွားဖို့ လုပ်နေပြီး မဟုတ်လား၊ နိုင်ငံခြားကို သူများလို ဩ့သည်နေ ဩ့သည်ထိုင် ခဏသွားမှာမျိုးရော ဟုတ်မှာတဲ့လား၊ မိဘတွေ နိုင်ငံခြားမှာရှိနေတဲ့ ဖွဲ့အနေနဲ့ ခင်နှင်းကို မေ့ထားပြီး အကြာကြီးနေတော့မှာပေါ့၊ ထာဝရခွဲသွားတော့မှာတဲ့လား ဖွဲ့ရယ်”

အတွေးဖြင့် ပြောနေမိရင်း ပြူတင်းမှအပြင်ကို ငေးရီကြည့်နေလိုက်မိပြန်သည်။

အပြင်မှာ နှင်းတွေလား၊ မြူတွေလား ခွဲခြားလို့ မသိအောင် အုံ့ဆိုင်းညို့မှိုင်းနေတုန်းပါပဲ။

ခင်နှင်းရင်ထဲမှာလည်း သောကနှင်းတွေ ဝေ့ဝေဝေ့လို့၊ ဖွဲ့နဲ့

ပတ်သက်ခဲ့သမျှ အရာရာကို ဘယ်သူက မေ့နိုင်မှာတဲ့လဲ ဖွဲ့ရယ်။

*

အပိုင်း(၁) (၁)

"ထရီဇာကလှလိုက်တာ"

ဆွေဆွေအေး စကားကြောင့် သူတို့သုံးယောက်စလုံး ဆွေဆွေအေး အကြည့်စူးစိုက်ထားသည့် နေရာသို့ပြိုင်တူကြည့်လိုက် မိကြသည်။

"ဘယ်မှာလဲ ဆွေဆွေ"

လှလှမြင့်က မေးသည်။

"ဟိုမှာ မမြင်ဘူးလား လှလှမြင့်ကလဲ၊ ဖွဲ့နဲ့တွဲပြီး လျှောက်လာတဲ့ တစ်ယောက်လေ"

ဟု ဆွေဆွေအေးက ပြန်ပြောလိုက်၏ ။

ဘူတာကြီးစားသောက်ဆိုင်များရှိရာဘက်မှ သူတို့ဆီသို့ ဦးတည်လျှောက်လာသော ဖွဲ့တို့အတွဲကိုလှမ်းမြင်သည်။ ပခုံးချင်းထိလိုက်၊ ခွာလိုက်၊ လည်ချင်းထိမျှ နွဲ့လျပူးတွဲစကားပြောရင်း လျှောက်လာပုံမှာ ကြည့်၍ ပင်ကောင်းသေး။

"ထရီဇာဆိုတာ ကျောင်းကပဲလားဟင်"

ဟု လှလှမြင့်ကထပ်မေးသည်။

"နင်ကလဲ ကျောင်းစာကလွဲရင် ဘာမှသိတာမရှိဘူး၊ ကိုယ့်ကျောင်းက ဟုတ်.......မဟုတ်တောင် မသိဘူးလား"

"လူတွေ အများကြီး ငါဘယ်သိမှာလဲ"

ဟု လှလှမြင့်က ဆွေဆွေအေးကို ပြန်ပြောသည်။

"ဟဲ့.........ဆွေဆွေ ဟိုမှာ ထရီဇာလေ"

သူတို့နှင့် ကပ်လျက် စကားဝိုင်းဖွဲ့နေသော အုပ်စုထဲမှ ကေသီဟန်က ဆွေဆွေအေးကို လှမ်းပြောပြန်၏။

"အေး........ငါမြင်တယ် ကေသီ"

"ကျောင်းတုန်းကထက်တောင် ပိုလှနေသေးတယ်နော်"

ဆိုတော့ ကေသီဟန်ကို ဆွေဆွေအေးက ခေါင်းညိတ်ပြလိုက်ရင်း........

"စိန်မေရီကလေ ထရီဇာက ငါတို့ထက်တစ်တန်းငယ်တယ်၊ ကေသီတို့ ငါတို့အောင်ပြီးမှ ဆယ်တန်းအောင်တာ၊ စတိတ်မှာတုန်းကလဲ ကွင်းပဲ၊ အခုလဲ မိန်းကိုရောက်တော့ မိန်းမှာကွင်းလို့ပြောတယ်"

ဟုဆွေဆွေအေးက ဆက်ရှင်းပြလိုက်၏။

"အင်း........ဇွဲနဲ့တော့ လိုက်ပါတယ်"

ဟု လှလှမြင့်က မှတ်ချက်ချသည်။

"ဇွဲကလဲ ငါတို့ကျောင်းမှာတင်မကဘူး၊ တက္ကသိုလ်တိုင်းက သိကြတယ်လေ၊ မိန်းကလေးတွေကလဲ ဇွဲဆို သဲသဲလှုပ်နေတာ"

ဆွေဆွေအေး စကားဆုံးတော့.....

"ဒီလောက် ရှုပ်တာကိုများ"

ဟု သူဝင်ပြောလိုက်ရင်း ဖက်လက်စ စာအုပ်ဆီသို့ အကြည့်လွှဲခေါင်းငုံ့လိုက်၏။

"ဇွဲက ဘောင်းဘီနဲ့ဆို ပိုပြီးကြည့်ကောင်းတယ်နော်"

ကေသီတို့အုပ်စုထဲကတစ်ယောက်အသံ ထွက်လာတာ ကြားလိုက်ရသည်။

"မနေ့က ဗိုလ်ချုပ်ဈေးထဲမှာ ကောင်းမလေတစ်ယောက်နဲ့

တွေ့လိုက်သေးတယ်၊ ဒီနေ့ ဘူတာကို လိုက်ပို့တော့တစ်ယောက်”

ဘာလို့များ ဒီလောက်အထိ စိတ်ဝင်တစား ဖြစ်နေကြရတာ လဲဟုတွေးရင်း ခေါင်းအမော့မှာ ရထားတွဲထိုးလာတာကို လှမ်းမြင်တော့ ခင်နှင်းသန့် ထရပ်လိုက်မိသည်။

*

ပြင်ဦးလွင်မြို့မှာ မြေတိုင်းဘာသာရပ်အတွက် ဖီးလ်ဆင်းရမည့် ကျောင်းသူကျောင်းသားပေါင်းနှစ်ရာနီးပါးရှိပေလိမ့်မည်။ ဘူတာကြီးတစ်ခုလုံး ဟိုမှာတစ်စု၊ သည်မှာတစ်စုပြန့်ကျဲ၍ စကားဝိုင်းလေးတွေ ဖွဲ့ရင်း ရထားပေါ်တက်ရန်စောင့်ဆိုင်းနေကြ၏ ။

ပြင်ဦးလွင်မြေတိုင်းအဖွဲ့၊ မြို့ပြအင်ဂျင်နီယာ၊ စက်မှုတက္ကသိုလ်ဆိုသည့် တံဆိပ်ကလေးတွေအကျႌ၏ ပခုံးမှာ တစ်ချို့ရင်ဘတ်မှာ ထင်းခနဲပေါ်နေကြသည်။

ခင်နှင်းသန့်က သူ့အကျႌလက်မောင်းမှ တံဆိပ်ကလေးကို အမှတ်မထင်ငုံ့ကြည့်မိပြန်၏ ။ အကျႌလက်စကအဖြူပေါ်မှ တံဆိပ်ကလေးက ထင်းနေသော်လည်း အကျႌအဖြူက ဝါကြန့်ကြန့်ဘက်ကို လုနေပြီ။ အကျႌအဖြူ တစ်ထည်နှစ်ထည်လောက် ထပ်ချုပ်သွားရင်ကောင်းမှာပဲဟု စဉ်းစားမိသော်လည်း မချုပ်ဖြစ်ခဲ့။ လက်ထဲမှာရှိသည့်ငွေနှင့်စာရင်းဇယားချကြည့်သည့်အခါ အကျႌချုပ်နိုင်စရာငွေပိုမရှိ။ သည်တော့ရှိပြီးသား အကျႌအနွမ်းကလေးမှာပင် ဌာနကပေးသည့် တံဆိပ်ကိုထပ်ချုပ်လိုက်ရပြန်၏ ။

အမြဲဝတ်နေစရာ မလိုတာပဲဟယ်၊ တစ်ထည် နှစ်ထည်ရှိလဲ ရပါတယ်ဟု ဆွေဆွေအေးက အားပေးစကားပြောသေးသည်။

သူများတွေလို အိမ်ပြန်၍ ပိုက်ဆံမတောင်းဖြစ်ခဲ့။ အမေ့မျက်နှာကို အတွေးဖြင့်မြင်ယောင်ရင်း သူ့အတွက် ငွေပို့ပေးရန် အခက်အခဲရှိနေမည့် အမေ့ဒုက္ခကို ခင်နှင်းသန့်သိနေသည်ပဲ။ စကောလားရှစ်ရသည့်

ခုနှစ်ဆယ့်ငါးကျပ်နှင့် အမေလစဉ်ပို့ပေးသည့်ငွေထဲမှ ချွေတာစုဆောင်းထားခဲ့သော ငွေပိုကလေးဖြင့်သာ ပြင်ဦးလွင်လိုက်ရန်သူ ဆုံးဖြတ်ခဲ့သည်။

“သွားရအောင် ခင်နှင်း ဘာတွေးနေတာလဲ”

အနားကဆွေဆွေအေး သူ့ပခုံးကိုပုတ်ရင်းပြောတော့ ပြုံးကြောင်ကြည့်နေမိသေး၏ ။

“ဖြည်းဖြည်းပေါ့ ဆွေဆွေရယ် နေရာလုနေရမှာမှ မဟုတ်တာ၊ ရထားက တွဲလုံးပေးထားတာပဲ၊ ပြီးတော့ ယောကျ်ားလေးတစ်တွဲ၊ မိန်းကလေးတစ်တွဲ၊ သတ်သတ်စီပဲဟာ”

ဟုပြောရင်း ခင်နှင်းသန့်က လက်ဆွဲအိတ်ကို ဆွဲယူလိုက်၏ ။

*